# အဘိဓမ္မပိဋက

# ပိဋကတ်ပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၃ - အပ္ပမညာဝိဘင်္ဂ

## (အပ္ပမညာလေးပါးတို့ကို ဝေဖန်၍ ပြသော ဝိဘင်း)

**၁ - သုတ္တန္တဘာဇနီယနည်း အကျဉ်း** (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

၁ - မေတ္တာ

၂ - ကရုဏာ

၃ - မုဒိတာ

၄ - ဥပေက္ခာ

**၂ - သုတ္တန္တဘာဇနီယနည်း အကျယ်**

၁ - မေတ္တာ

၂ - ကရုဏာ

၃ - မုဒိတာ

၄ - ဥပေက္ခာ

**၂ - အဘိဓမ္မဘာဇနီယနည်း** (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

**စတုက္ကနည်း ကုသိုလ်မေတ္တာစျာန် သုံးပါး**

(၁) ပဌမစျာန်

(၂) ဒုတိယစျာန်

(၃) တတိယစျာန်

**ပဉ္စကနည်း ကုသိုလ်မေတ္တာစျာန် လေးပါး**

(၁) ပဌမစျာန်

(၂) ဒုတိယစျာန်

(၃) တတိယစျာန်

(၄) စတုတ္ထစျာန်

## ၁၃ - အပ္ပမညာဝိဘင်္ဂ

စတုက္ကနည်း ကုသိုလ်ကရုဏာစျာန် သုံးပါး

(၁) ပဌမစျာန်

(၂) ဒုတိယစျာန်

(၃) တတိယစျာန်

ပဉ္စကနည်း ကုသိုလ်ကရုဏာစျာန် လေးပါး

(၁) ပဌမစျာန်

(၂) ဒုတိယစျာန်

(၃) တတိယစျာန်

(၄) စတုတ္ထစျာန်

စတုက္ကနည်း ကုသိုလ်မုဒိတာစျာန် သုံးပါး

(၁) ပဌမစျာန်

(၂) ဒုတိယစျာန်

(၃) တတိယစျာန်

ပဉ္စကနည်း ကုသိုလ်မုဒိတာစျာန် လေးပါး

(၁) ပဌမစျာန်

(၂) ဒုတိယစျာန်

(၃) တတိယစျာန်

(၄) စတုတ္ထစျာန်

စတုက္ကနည်း ကုသိုလ်ဥပေက္ခာစျာန် ၁-ပါး

(၁) စတုတ္ထစျာန်

စတုက္ကနည်း ဝိပါက်မေတ္တာစျာန် သုံးပါး

ပဌမစျာန်

ဒုတိယစျာန်နှင့် တတိယစျာန်

ပဉ္စကနည်း ဝိပါက်မေတ္တာစျာန် လေးပါး

စတုက္ကနည်း ဝိပါက်ကရုဏာစျာန် သုံးပါး

ပဌမစျာန်

ဒုတိယစျာန်နှင့် တတိယစျာန်

ပဉ္စကနည်း ဝိပါက်ကရုဏာစျာန် လေးပါး

# ၁၃ - အပ္ပမညာဝိဘင်္ဂ

စတုက္ကနည်း ဝိပါက်မုဒိတာဈာန် သုံးပါး

ပဌမဈာန်

ဒုတိယဈာန်နှင့် တတိယဈာန်

ပဉ္စကနည်း ဝိပါက်မုဒိတာဈာန် လေးပါး

စတုက္ကနည်း ဝိပါက်ဥပေက္ခာဈာန် ၁-ပါး

စတုတ္ထဈာန်

စတုက္ကနည်း ကြိယာမေတ္တာဈာန် သုံးပါး

ပဌမဈာန်

ဒုတိယဈာန်နှင့် တတိယဈာန်

ပဉ္စကနည်း ကြိယာမေတ္တာဈာန် လေးပါး

ကြိယာကရုဏာဈာန် ၃-၄

ကြိယာမုဒိတာဈာန် ၃-၄

ကြိယာဥပေက္ခာဈာန် ၁-ပါး

# ၁၃ - အပ္ပမညာဝိဘင်္ဂ

၃ - **ပဉှာပုစ္ဆကနည်း** (အမေးအဖြေပြု၍ ဟောကြားသောနည်း)

(၁) မေတ္တာ

(၂) ကရုဏာ

(၃) မုဒိတာ

(၄) ဥပေက္ခာ

အပ္ပမညာလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

အပ္ပမညာလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

၁ - တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ ပြခြင်း

| | |
|---|---|
| (၁) ကုသလတိက်အဖြေဝိသဇ္ဇနာ | (၁၂) ပရိတ္တတိက် |
| (၂) ဝေဒနာတိက် | (၁၃) ပရိတ္တာရမ္မဏတိက် |
| (၃) ဝိပါကတိက် | (၁၄) ဟီနတိက် |
| (၄) ဥပါဒိန္နတိက် | (၁၅) မိစ္ဆတ္တတိက် |
| (၅) သံကိလိဋ္ဌတိက် | (၁၆) မဂ္ဂါရမ္မဏတိက် |
| (၆) ဝိတက္ကတိက် | (၁၇) ဥပ္ပန္နတိက် |
| (၇) ပီတိတိက် | (၁၈) အတီတတိက် |
| (၈) ဒဿနတိက် | (၁၉) အတီတာရမ္မဏတိက် |
| (၉) ဒဿနဟေတုတိက် | (၂၀) အဇ္ဈတ္တတိက် |
| (၁၀) အာစယဂါမိတိက် | (၂၁) အဇ္ဈတ္တာရမ္မဏတိက် |
| (၁၁) သေက္ခတိက် | (၂၂) သနိဒဿနတိက် |

၂ - ဒုက် ၁၀၀- တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

(၁) ဟေတုဒုက်

(၂) သဟေတုကဒုက်

(၃) ဟေတုသမ္ပယုတ္တဒုက်

(၄) ဟေတုသဟေတုကဒုက်

(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

(၆) နဟေတုသဟေတုကဒုက်

# ၁၃ - အပ္ပမညာဝိဘင်္ဂ

စူဋ္ဌန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်
(၈) သင်္ခတဒုက်
(၉) သနိဒဿနဒုက်
(၁၀) သပ္ပဋိဃဒုက်
(၁၁) ရူပီဒုက်
(၁၂) လောကိယဒုက်
(၁၃) ကေနစိဝိညေယျဒုက်

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက်
(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်
(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

ဩဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

## ၁၃ - အပ္ပမညာဝိဘင်္ဂ

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘူဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆကအဖြေ

(၇၅-၈၂) ကိလေသဒုက်

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်
(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်
(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်
(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်
(၈၇) သဝိတက္ကဒုက်
(၈၈) သဝိစာရဒုက်
(၈၉) သပ္ပီတိကဒုက်
(၉၀) ပီတိသဟဂတဒုက်
(၉၁) သုခသဟဂတဒုက်
(၉၂) ဥပေက္ခာသဟဂတဒုက်
(၉၃) ကာမာဝစရဒုက်
(၉၄) ရူပါဝစရဒုက်
(၉၅) အရူပါဝစရဒုက်
(၉၆) ပရိယာပန္နဒုက်
(၉၇) နိယျာနိကဒုက်
(၉၈) နိယတဒုက်
(၉၉) သဥတ္တရဒုက်
(၁၀၀) သရဏဒုက်

**အပ္ပမညာလေးပါးတို့ကို ဝေဖန်၍ ပြသော**

**အပ္ပမညာဝိဘင်း မာတိကာ ပြီးပြီ။**

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၃ - အပ္ပမညာဝိဘင်

## (အပ္ပမညာလေးပါးတို့ကို ဝေဖန်၍ ပြသော ဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယနည်း (အကျဉ်း)

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

၆၄၂။ အပ္ပမညာလေးပါးတို့ကား-

**၁။ မေတ္တာ**

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြား မရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော ချမ်းသာစေလိုခြင်း 'မေတ္တာ' နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

**၂။ ကရုဏာ**

သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြား မရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

## ၃။ မုဒိတာ

ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြား မရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

## ၄။ ဥပေက္ခာ

လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏။ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော၊ မြတ်သော၊ အပိုင်းအခြား မရှိသော၊ ရန်မရှိသော၊ ကြောင့်ကြမရှိသော လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

# အပ္ပမညာဝိဘင်္ဂ

## ၂ - သုတ္တန္တဘာဇနီယနည်း (အကျယ်)

### ၁ - မေတ္တာ

၆၄၃။ အဘယ်သို့လျှင် ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် ချစ်အပ်, နှလုံးကို ပွါးစေတတ်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လျှင် ချမ်းသာစေလိုခြင်း မေတ္တာပြုသကဲ့သို့ ထို့အတူ သတ္တဝါ အားလုံးတို့ကို ချမ်းသာစေလိုခြင်း 'မေတ္တာ' ဖြင့် ပျံ့နှံ့စေ၏။ ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

သတ္တဝါတို့၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ယျစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်သောသူ၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို မေတ္တာဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'၊ အတွင်း၌ ဖြစ်သော သဘော 'ဟဒယ'၊ ဖြူစင်သောသဘော 'ပဏ္ဍရ'၊ သိမှု သဘော 'မန'၊ သိမှု ဖြစ်ရာဌာန 'မနာယတန'၊ အစိုးတရ သိမှု 'မနိန္ဒြေ'၊ အထူးသိမှု 'ဝိညာဏ'၊ အထူးသိမှု အစု 'ဝိညာဏက္ခန္ဓာ'၊ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်သည် ဤမေတ္တာနှင့်တကွအဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏။ ထို့ကြောင့် "မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်" ဟု ဆိုအပ်၏။

၆၄၄။ "တစ်ခုသော အရပ်မျက်နှာကို" ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာအရပ်မျက်နှာ၊ အထောင့် အရပ်မျက်နှာတို့တည်း။

၆၄၅။ "ပျံ့နှံ့စေ၍" ဟူသည်ကား မေတ္တာစိတ်ဖြန့်၍ မေတ္တာစိတ်လွှတ်၍။

၆၄၆။ "ဝိဟရတိ (နေ၏)" ဟူသည်ကား ဣရိယာပုထ်ကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ ဣရိယာပုထ် တစ်ပါးဖြင့် ဣရိယာပုထ် တစ်ပါးကို ဖြတ်လျက် ဆောင်၏၊ ထို့ကြောင့်"ဝိဟရတိ (နေ)၏" ဟု ဆိုအပ်၏။

၆၄၇။ "ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို" ဟူသည်ကား တစ်ခုသော အရပ်မျက်နှာကို ကဲ့သို့ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ လေးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ အထက် အရပ်မျက်နှာကို၊ ထို့အတူ အောက် အရပ်မျက်နှာကို၊ ထို့အတူ ဖီလာ အရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကိုဟု (ဆိုအပ်၏)။

၆၄၈။ "အလုံးစုံသော အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို" ဟူသည်ကား အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို, အလုံးစုံသော အခြင်းအရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ဆိုသော စကားတည်း၊ ထို့ကြောင့် "အလုံးစုံသော အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို" ဟု ဆိုအပ်၏။

၆၄၉။ "မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်" ဟူရာ၌ ထိုတွင် အဘယ်သည် "မေတ္တာ" မည်သနည်း။

သတ္တဝါတို့၌ အကြင် ချစ်ခင်ခြင်းသဘော ‘မေတ္တိ’၊ ချစ်ခင်သော အခြင်းအရာ ‘မေတ္တာယနာ’၊ ချစ်ခင်သောသူ၏အဖြစ် ‘မေတ္တာယိတတ္တ’၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော ‘မေတ္တာစေတောဝိမုတ္တိ’ သည် ရှိ၏။ ဤသဘောကို “မေတ္တာ” ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် “စိတ်” မည်သနည်း။

အကြင် ဆန်းကြယ်မှု ‘စိတ္တ’၊ သိမှု သဘော ‘မန’၊ သိခြင်းသဘော ‘မာနသ’။ပ။ ထိုစိတ်အားလျော်သော အထူးသိမှု သဘော ‘တဇ္ဇာမနောဝိညာဏဓာတ်’ သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်သည် ဤမေတ္တာနှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏။ ထို့ကြောင့် “မေတ္တာနှင့် ယှဉ်သော စိတ်ဖြင့်” ဟု ဆိုအပ်၏။

၆၅၀။ “ပြန့်ပြောသော” ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းပေတည်း၊ များမြတ်ခြင်းဟူသည် အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည် ကြောင့်ကြမရှိခြင်းတည်း။

၆၅၁။ “ပျံ့နှံ့စေ၍” ဟူသည်ကား မေတ္တာစိတ်ဖြန့်၍ မေတ္တာစိတ်လွှတ်၍ ဟူသည်တည်း။

၆၅၂။ “နေ၏” ဟူသည်။ပ။ ထို့ကြောင့် “နေ၏” ဟု ဆိုအပ်၏။

------

# အပ္ပမညာဝိဘင်္ဂ

## ၂ - ကရုဏာ

၆၅၃။ အဘယ်သို့လျှင် ရဟန်းသည် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် မကောင်းသော လက်ခြေသဏ္ဌာန်ရှိသော ဆင်းရဲခြင်းသို့ ရောက်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လျှင် သနားကြင်နာသကဲ့သို့ ထို့အတူ သတ္တဝါအားလုံးတို့ကို သနားခြင်း 'ကရုဏာ' ဖြင့် ပျံ့နှံ့စေ၏။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

သတ္တဝါတို့၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ်အား လျော်သာ အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဤသနားခြင်း 'ကရုဏာ' နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏။ ထို့ကြောင့် "သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့်" ဟု ဆိုအပ်၏။

၆၅၄။ "တစ်ခုသော အရပ်မျက်နှာကို" ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာအရပ်မျက်နှာ၊ အထောင့်အရပ်မျက်နှာတို့တည်း။

၆၅၅။ "ပျံ့နှံ့စေ၍" ဟူသည်ကား ကရုဏာစိတ်ဖြန့်၍၊ ကရုဏာစိတ်လွှတ်၍။

၆၅၆။ "ဝိဟရတိ (နေ၏)" ဟူသည်ကား ဣရိယာပုတ်ကို ဖြစ်စေ၏၊ ဖြစ်၏၊ စောင့်ရှောက်၏၊ မျှတ၏၊ မျှတစေ၏၊ ကျင့်၏၊ ဣရိယာပုထ်တစ်ပါးဖြင့် ဣရိယာပုထ်တစ်ပါးကို ဖြတ်လျက် ဆောင်၏၊ ထို့ကြောင့် "ဝိဟရတိ (နေ၏)" ဟု ဆိုအပ်၏။

၆၅၇။ "ထို့အတူ နှစ်ခုမြောက်သော အရပ်ကို" ဟူသည်ကား တစ်ခုသော အရပ်မျက်နှာကိုကဲ့သို့ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ လေးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ အထက်အရပ်မျက်နှာကို၊ ထို့အတူ အောက်အရပ်မျက်နှာကို၊ ထို့အတူ ဖီလာ အရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကိုဟု (ဆိုအပ်၏။)

၆၅၈။ "အလုံးစုံသော အရပ်မျက်နှာ၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို" ဟူသော ဤစကားသည် အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို၊ အလုံးစုံသောအခြင်းအရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ ဆိုသော စကားတည်း။ (ထို့ကြောင့်) "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါ အားလုံးပါဝင်သော သတ္တလောကကို" ဟု (ဆိုအပ်သတည်း)။

၆၅၉။ "သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့်" ဟူရာ၌ အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင်ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဤသနားခြင်း 'ကရုဏာ' နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏။

ထို့ကြောင့် "သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော စိတ်ဖြင့်" ဟု ဆိုအပ်၏။

၆၆၀။ "ပြန့်ပြောသော" ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းပေတည်း၊ များမြတ်ခြင်းဟူသည် အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည် ကြောင့်ကြ မရှိခြင်းတည်း။

၆၆၁။ "ပျံ့နှံ့စေ၍" ဟူသည်ကား ကရုဏာစိတ်ဖြန့်၍ ကရုဏာစိတ်လွှတ်၍။

၆၆၂။ "နေ၏" ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

------

# အပ္ပမညာဝိဘင်္ဂ

## ၃ - မုဒိတာ

၆၆၃။ အဘယ်သို့လျှင် ရဟန်းသည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် ချစ်အပ်သော နှလုံးကိုပွါးစေတတ်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လျှင် ဝမ်းမြောက်ခြင်း 'မုဒိတာ' ဖြစ်သကဲ့သို့ ထို့အတူ သတ္တဝါအားလုံးတို့ကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဖြင့် ပျံ့နှံ့စေ၏။ ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏၊ ထို့ကြောင့် "ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့်" ဟု ဆိုအပ်၏။

၆၆၄။ "တစ်ခုသော အရပ်မျက်နှာကို" ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာအရပ်မျက်နှာ၊ အထောင့်အရပ်မျက်နှာတို့တည်း။

၆၆၅။ "ပျံ့နှံ့စေ၍" ဟူသည်ကား မုဒိတာစိတ်ကို ဖြန့်၍၊ မုဒိတာစိတ်ကို လွှတ်၍။

၆၆၆။ "နေ၏" ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

၆၆၇။ "ထို့အတူ နှစ်ခုမြောက်သော အရပ်ကို" ဟူသည်ကား တစ်ခုသော အရပ်မျက်နှာကိုကဲ့သို့ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ လေးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ အထက်အရပ်မျက်နှာကို၊ ထို့အတူ အောက်အရပ်မျက်နှာကို၊ ထို့အတူ ဖီလာအရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကိုဟု (ဆိုအပ်၏။)

၆၆၈။ "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို" ဟူသော ဤစကားသည် အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို၊ အလုံးစုံသော အခြင်းအရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ ဆိုသော စကားတည်း၊ ထို့ကြောင့် "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါအားလုံးပါဝင်သော သတ္တလောကကို" ဟု ဆိုအပ်၏။

၆၆၉။ "ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့်" ဟူရာ၌ အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ

လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။ ဤစိတ်သည် ဤဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏၊ ထို့ကြောင့် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့်ဟု ဆိုအပ်၏။

၆၇၀။ "ပြန့်ပြောသော" ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းပေတည်း၊ များမြတ်ခြင်းဟူသည် အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည် ကြောင့်ကြမရှိခြင်းတည်း။

၆၇၁။ "ပျံ့နှံ့စေ၍" ဟူသည်ကား မုဒိတာစိတ်ကို ဖြန့်၍၊ မုဒိတာစိတ်ကို လွှတ်၍။

၆၇၂။ "နေ၏" ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

------

# အပ္ပမညာဝိဘင်္ဂ

## ၄ - ဥပေက္ခာ

၆၇၃။ အဘယ်သို့လျှင် ရဟန်းသည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေသနည်း။

ဥပမာအားဖြင့် နှလုံးကို ပွါးစေတတ်သည်လည်း မဟုတ်၊ နှလုံးကို မပွါးစေတတ်သည်လည်း မဟုတ်သော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လျှင် လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဖြစ်သကဲ့သို့ ထို့အတူ သတ္တဝါ အားလုံးတို့ကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဖြင့် ပျံ့နှံ့စေ၏။ ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် လျစ်လျူရှုခြင်း 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏အဖြစ် 'ဥပေက္ခာယိတတ္တ'၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော "ဥပေက္ခာစေတောဝိမုတ္တိ" သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် "စိတ်" မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိခြင်းသဘော 'မန'၊ သိမှု သဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏၊ ထို့ကြောင့် "လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စိတ်ဖြင့်" ဟု ဆိုအပ်၏။

၆၇၄။ "တစ်ခုသော အရပ်မျက်နှာကို" ဟူသည်ကား အရှေ့အရပ်မျက်နှာ၊ အနောက်အရပ်မျက်နှာ၊ မြောက်အရပ်မျက်နှာ၊ တောင်အရပ်မျက်နှာ၊ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ဖီလာ အရပ်မျက်နှာ၊ အထောင့်အရပ်မျက်နှာကို (ဟု ဆိုအပ်၏)။

၆၇၅။ "ပျံ့နှံ့စေ၍" ဟူသည်ကား ဥပေက္ခာစိတ်ကို ဖြန့်၍၊ ဥပေက္ခာစိတ်ကို လွှတ်၍။

၆၇၆။ "နေ၏" ဟူသည်ကား။ပ။ ထို့ကြောင့် "နေ၏" ဟု ဆိုအပ်၏။

၆၇၇။ "ထို့အတူ ချစ်ခုမြောက်သော အရပ်ကို" ဟူသည်ကား တစ်ခုသော အရပ်မျက်နှာကိုကဲ့သို့ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ သုံးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ လေးခုမြောက်သော အရပ်မျက်နှာကို၊ ထို့အတူ အထက်အရပ်မျက်နှာကို၊ ထို့အတူ အောက်အရပ်မျက်နှာကို၊ ထို့အတူ ဖီလာအရပ်မျက်နှာကို၊ ထို့အတူ အထောင့်အရပ်မျက်နှာကို (ဟု ဆိုအပ်၏။)

၆၇၈။ "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို" ဟူသော ဤစကားသည် အလုံးစုံအားဖြင့် သတ္တဝါအားလုံးကို, အလုံးစုံသော အခြင်းအရာအားဖြင့် သတ္တဝါအားလုံးကို အကြွင်းမရှိအောင်၊ အကျန်မရှိအောင် သိမ်းကျုံး၍ ဆိုသော စကားတည်း။ ထို့ကြောင့် "အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို" ဟု ဆိုအပ်၏။

၆၇၉။ "လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့်" ဟူရာ၌ အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

သတ္တဝါတို့၌ အကြင် လျစ်လျူရှုခြင်း 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏ အဖြစ် 'ဥပေက္ခာယိတတ္တ'၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ

လွတ်မြောက်ကြောင်းသဘော ‘ဥပေက္ခာစေတောဝိမုတ္တိ’ သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း ‘ဥပေက္ခာ’ ဟု ဆိုအပ်၏။

ထိုတွင် အဘယ်သည် “စိတ်” မည်သနည်း။

အကြင် ဆန်းကြယ်မှု ‘စိတ္တ’၊ သိခြင်းသဘော ‘မန’၊ သိမှု သဘော ‘မာနသ’။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော ‘တဇ္ဇာမနောဝိညာဏဓာတ်’ သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်သည် ဤလျစ်လျူရှုခြင်း ‘ဥပေက္ခာ’ နှင့်တကွ အဖြစ်သို့ ရောက်၏၊ တကွဖြစ်၏၊ နှီးနှော၏၊ ယှဉ်၏။ ထို့ကြောင့် “လျစ်လျူရှုခြင်း ‘ဥပေက္ခာ’ နှင့် ယှဉ်သော စိတ်ဖြင့်” ဟု ဆိုအပ်၏။

၆၈၀။ “ပြန့်ပြောသော” ဟူရာ၌ ပြန့်ပြောခြင်းဟူသည် များမြတ်ခြင်းတည်း၊ များမြတ်ခြင်းဟူသည် အပိုင်းအခြား မရှိခြင်းတည်း၊ အပိုင်းအခြား မရှိခြင်းဟူသည် ရန်မရှိခြင်းတည်း၊ ရန်မရှိခြင်းဟူသည် ကြောင့်ကြ မရှိခြင်းတည်း။

၆၈၁။ “ပျံ့နှံ့စေ၍” ဟူသည်ကား ဥပေက္ခာစိတ်ကို ဖြန့်၍၊ ဥပေက္ခာစိတ်ကို လွှတ်၍။

၆၈၂။ “နေ၏” ဟူသည်ကား။ပ။ ထို့ကြောင့် “နေ၏” ဟု ဆိုအပ်၏။

**သုတ္တန်နည်းဖြင့် ဝေဖန်၍ဟောကြားသော သုတ္တန္တဘာဇနီယနည်းပြီးပြီ။**

------

# အပ္ပမညာဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယနည်း

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားခြင်း)

၆၈၃။ အပ္ပမညာလေးပါးတို့ကား ချမ်းသာစေလိုခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ'၊ ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ' တို့တည်း။

## စတုက္ကနည်း ကုသိုလ်မေတ္တာစျာန်သုံးပါး

## (၁) ပဌမစျာန်

၆၈၄။ ထိုလေးပါးတို့တွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့် ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတော ဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၂) ဒုတိယစျာန်

ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ မေတ္တာနှင့် ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၃) တတိယစျာန်

ထိုတွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ မေတ္တာနှင့် ယှဉ်သော တတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ယျစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပွမညာဝိဘင်္ဂ

## ပဉ္စကနည်း ကုသိုလ်မေတ္တာစျာန်လေးပါး

## (၁) ပဌမစျာန်

၆၈၅။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့် ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၂) ဒုတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိသော (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော 'မေတ္တာ' နှင့် ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။

ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၃) တတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏။ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ မေတ္တာနှင့် ယှဉ်သော တတိယဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၄) စတုတ္ထဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏။ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ မေတ္တာ' နှင့်ယှဉ်သော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ယျစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်္ဂ

## စတုက္ကနည်း ကုသိုလ်ကရုဏာစျာန်သုံးပါး

### (၁) ပဌမစျာန်

၆၈၆။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၂) ဒုတိယစျာန်

ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### (၃) တတိယစျာန်

ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

# အပ္ပမညာဝိဘင်္ဂ

## ပဥ္စကနည်း ကုသိုလ်ကရုဏာစျာန်လေးပါး

### (၁) ပဌမစျာန်

၆၈၇။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတော ဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

### (၂) ဒုတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်ကား မရှိ ဝိစာရမျှသာရှိသော (နီဝရဏ) ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

### (၃) တတိယစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## (၄) စတုတ္ထစျာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏။ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်

## စတုက္ကနည်း ကုသိုလ်မုဒိတာစျာန်သုံးပါး

## (၁) ပဌမစျာန်

၆၈၈။ ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## (၂) ဒုတိယစျာန်

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင် အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## (၃) တတိယဈာန်

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏၊ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော တတိယဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်္ဂ

## ပဉ္စကနည်း ကုသိုလ်မုဒိတာဈာန်လေးပါး

## (၁) ပဌမဈာန်

၆၈၉။ ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## (၂) ဒုတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင် ဝိတက်ကား မရှိ ဝိစာရမျှသာ ရှိသော နီဝရဏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော နှစ်သက်ခြင်း 'ပီတိ' ချမ်းသာခြင်း 'သုခ' ရှိသော ဝမ်းမြောက်မှု 'မုဒိတာ' နှင့်ယှဉ်သော ဒုတိယဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## (၃) တတိယဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တတိယဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

## (၄) စတုတ္ထဈာန်

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းဈာန်ကို ပွါးများ၏။ နှစ်သက်ခြင်း 'ပီတိ' ကိုလည်း စက်ဆုပ်ခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော စတုတ္ထဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်္ဂ

## စတုက္ကနည်း ကုသိုလ်ဥပေက္ခာစျာန် ၁-ပါး

## (၁) စတုတ္ထစျာန်

၆၉၀။ ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် ပွါးများ၏၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် လျစ်လျူရှုခြင်း 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏ အဖြစ် 'ဥပေက္ခာယိတတ္တ'၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက် ကြောင်းသဘော 'ဥပေက္ခာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်္ဂ

## စတုက္ကနည်း ဝိပါက်မေတ္တာစျာန် သုံးပါး

၆၉၁။ အပ္ပမညာလေးပါးတို့ကား ချမ်းသာစေလိုခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ'၊ ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ' တို့တည်း။

## ပဌမစျာန်

ထိုလေးပါးတို့တွင် အဘယ်သည် မေတ္တာ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။

မေတ္တာနှင့် ယှဉ်သော အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင ချစ်ခင်ခြင်း သဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ချစ်ခြင်း 'မေတ္တာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## ဒုတိယစျာန်နှင့် တတိယစျာန်

၆၉၂။ ထိုတွင် အဘယ်သည် မေတ္တာမည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ မေတ္တာနှင့် ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရကုသိုလ်ကံကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ အကျိုး 'ဝိပါက်' ဖြစ်သော ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။

------

# အပ္ပမညာဝိဘင်္ဂ

## ပဉ္စကနည်း ဝိပါက်မေတ္တာစျာန် လေးပါး

ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ မေတ္တာနှင့် ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို "မေတ္တာ" ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်္ဂ

## စတုက္ကနည်း ဝိပါက်ကရုဏာစျာန် သုံးပါး

### ပဌမစျာန်

၆၉၃။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော အကျိုးဖြစ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင်သနားခြင်း 'ကရုဏာ'၊ သနားသောအခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

### ဒုတိယစျာန်နှင့် တတိယစျာန်

ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ဝိတက် ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ အကျိုး 'ဝိပါက်' ဖြစ်သော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။

------

# အပ္ပမညာဝိဘင်္ဂ

## ပဉ္စကနည်း ဝိပါက်ကရုဏာစျာန် လေးပါး

ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် သနားခြင်း 'ကရုဏာ'၊ သနားသော အခြင်းအရာ 'ကရုဏာယနာ'၊ သနားတတ်သည်၏ အဖြစ် 'ကရုဏာယိတတ္တ'၊ ကရုဏာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ကရုဏာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို သနားခြင်း 'ကရုဏာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် သနားခြင်း 'ကရုဏာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

## စတုက္ကနည်း ဝိပါက်မုဒိတာစျာန် သုံးပါး

### ပဌမစျာန်

၆၉၄။ ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော အကျိုး 'ဝိပါက်' ဖြစ်သော ပဌမစျာန်သို့ ရောက်၍နေ၏၊ ထိုအခါ၌ အကြင် ဝမ်းမြောက်မှု 'မုဒိတာ'၊ ဝမ်းမြောက်သော အခြင်းအရာ 'မုဒိတာယနာ'၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် 'မုဒိတာယိတတ္တ'၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မုဒိတာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း 'မုဒိတာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

### ဒုတိယစျာန်နှင့် တတိယစျာန်

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့်ယှဉ်သော ဒုတိယစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်ခြင်း 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ အကျိုး 'ဝိပါက်' ဖြစ်သော ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။

------

# အပ္ပမညာဝိဘင်္ဂ

## ပဥ္စကနည်း ဝိပါက်မုဒိတာစျာန် လေးပါး

။ပ။ ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ ဝမ်းမြောက်ခြင်း ‘မုဒိတာ’ နှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ဝမ်းမြောက်ခြင်း ‘မုဒိတာ’၊ ဝမ်းမြောက်သော အခြင်းအရာ ‘မုဒိတာယနာ’၊ ဝမ်းမြောက်တတ်သည်၏ အဖြစ် ‘မုဒိတာယိတတ္တ’၊ မုဒိတာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော ‘မုဒိတာစေတောဝိမုတ္တိ’ သည် ရှိ၏။ ဤသဘောကို ဝမ်းမြောက်ခြင်း ‘မုဒိတာ’ ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် ဝမ်းမြောက်ခြင်း ‘မုဒိတာ’ နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

------

## စတုက္ကနည်း ဝိပါက်ဥပေက္ခာစျာန် ၁-ပါး

## စတုတ္ထစျာန်

၆၉၅။ ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း ‘ဥပေက္ခာ’ မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများ၏၊ ချမ်းသာခြင်း ‘သုခ’ ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူရှုခြင်း ‘ဥပေက္ခာ’ နှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ထိုရူပါဝစရ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ချမ်းသာခြင်း ‘သုခ’ ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း ‘ဒုက္ခ’ ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူရှုခြင်း ‘ဥပေက္ခာ’ နှင့်ယှဉ်သော အကျိုး ‘ဝိပါက်’ ဖြစ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏၊ ထိုအခါ၌ အကြင် လျစ်လျူရှုမှု ‘ဥပေက္ခာ’၊ လျစ်လျူရှုသော အခြင်းအရာ ‘ဥပေက္ခာယနာ’၊ လျစ်လျူရှုတတ်သည်၏ အဖြစ် ‘ဥပေက္ခာယိတတ္တ’၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော ‘ဥပေက္ခာစေတောဝိမုတ္တိ’ သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း ‘ဥပေက္ခာ’ ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် လျစ်လျူရှုခြင်း ‘ဥပေက္ခာ’ နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်္ဂ

## စတုက္ကနည်း ကြိယာမေတ္တာစျာန် သုံးပါး

၆၉၆။ အပ္ပမညာလေးပါးတို့ကား ချမ်းသာစေလိုခြင်း 'မေတ္တာ'၊ သနားခြင်း 'ကရုဏာ'၊ ဝမ်းမြောက်ခြင်း 'မုဒိတာ'၊ လျစ်လျူရှုခြင်း 'ဥပေက္ခာ' တို့တည်း။

## ပဌမစျာန်

၆၉၇။ ထိုတွင် အဘယ်သည် မေတ္တာမည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပါဝစရစျာန်ကို အားထုတ်၏။ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော ကံ၏ အကျိုးလည်း မဟုတ်သော ကိရိယာဖြစ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ မေတ္တာနှင့်ယှဉ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို မေတ္တာဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

## ဒုတိယစျာန်နှင့် တတိယစျာန်

ထိုတွင် အဘယ်သည် ချစ်ခင်ခြင်း 'မေတ္တာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပါဝစရစျာန်ကို အားထုတ်၏၊ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော ကံ၏ အကျိုးလည်း မဟုတ်သော ကိရိယာဖြစ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော၊ ဝိတက်ဝိစာရတို့၏ ချုပ်ငြိမ်းခြင်းကြောင့်။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။

------

## ပဉ္စကနည်း ကြိယာမေတ္တာစျာန် လေးပါး

ပဌမစျာန်သို့။ပ။ ဒုတိယစျာန်သို့။ပ။ တတိယစျာန်သို့။ပ။ မေတ္တာနှင့် ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် ချစ်ခင်ခြင်းသဘော 'မေတ္တိ'၊ ချစ်ခင်သော အခြင်းအရာ 'မေတ္တာယနာ'၊ ချစ်ခင်တတ်သည်၏ အဖြစ် 'မေတ္တာယိတတ္တ'၊ မေတ္တာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်း သဘော 'မေတ္တာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို ချစ်ခြင်း 'မေတ္တာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် မေတ္တာနှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

------

# အပ္ပမညာဝိဘင်္ဂ

## ကြိယာကရုဏာစျာန် ၃-၄

၆၉၈။ ထိုတွင် အဘယ်သည် သနားခြင်း 'ကရုဏာ' မည်သနည်း။ပ။

## ကြိယာမုဒိတာစျာန် ၃-၄

ထိုတွင် အဘယ်သည် ဝမ်းမြောက်ခြင်း 'မုဒိတာ' မည်သနည်း။ပ။

## ကြိယာဥပေက္ခာစျာန် ၁-ပါး

ထိုတွင် အဘယ်သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ ရူပါဝစရစျာန်ကို အားထုတ်၏။ ကုသိုလ်လည်း မဟုတ်, အကုသိုလ်လည်း မဟုတ်သော ကံ၏ အကျိုးလည်း မဟုတ်သော ကြိယာဖြစ်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲခြင်း 'ဒုက္ခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ အကြင် လျစ်လျူရှုမှု 'ဥပေက္ခာ'၊ လျစ်လျူရှုသော အခြင်းအရာ 'ဥပေက္ခာယနာ'၊ လျစ်လျူရှုတတ်သည်၏အဖြစ် 'ဥပေက္ခာယိတတ္တ'၊ ဥပေက္ခာဟူသော၊ စိတ်၏ ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်ကြောင်းသဘော 'ဥပေက္ခာစေတောဝိမုတ္တိ' သည် ရှိ၏။ ဤသဘောကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

**အဘိဓမ္မဘာဇနီယနည်း ပြီး၏။**

------

# အပ္ပမညာဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆကနည်း

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

၆၉၉။ အပ္ပမညာလေးပါးတို့ကား-

### (၁) မေတ္တာ

ဤသာသနာတော်၌ ရဟန်းသည် ချမ်းသာစေလိုခြင်း 'မေတ္တာ' နှင့်ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါ အားလုံးတို့၌ မိမိနှင့် အတူပြု၍ သတ္တဝါအားလုံး ပါဝင်သော သတ္တလောကကို ပြန့်ပြောသော မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော မေတ္တာနှင့်ယှဉ်သော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

### (၂) ကရုဏာ

သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပြန့်နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာတို့ကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူ ပြု၍ သတ္တဝါ အားလုံးပါဝင်သော သတ္တလောကကို သနားခြင်း 'ကရုဏာ' နှင့် ယှဉ်သော ပြန့်ပြောသော မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

### (၃) မုဒိတာ

ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို၊ သုံးခုမြောက်သော အရပ်မျက်နှာကို၊ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာတို့ကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါ အားလုံးပါဝင်သော သတ္တလောကကို ဝမ်းမြောက်ခြင်း 'မုဒိတာ' နှင့် ယှဉ်သော ပြန့်ပြောသော မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြမရှိသော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

### (၄) ဥပေက္ခာ

လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့် ယှဉ်သော စိတ်ဖြင့် တစ်ခုသော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ထို့အတူ နှစ်ခုမြောက်သော အရပ်မျက်နှာကို။ သုံးခုမြောက်သော အရပ်မျက်နှာကို။ လေးခုမြောက်သော အရပ်မျက်နှာကို ပျံ့နှံ့စေ၍ နေ၏၊ ဤနည်းအားဖြင့် အထက် အောက် ဖီလာ အရပ်မျက်နှာတို့ကို ပျံ့နှံ့စေ၍ နေ၏၊ အလုံးစုံသော အရပ်မျက်နှာတို့၌ သတ္တဝါအားလုံးတို့၌ မိမိနှင့်အတူပြု၍ သတ္တဝါ အားလုံးပါဝင်သော သတ္တလောကကို လျစ်လျူရှုခြင်း 'ဥပေက္ခာ' နှင့်ယှဉ်သော ပြန့်ပြောသော မြတ်သော အပိုင်းအခြား မရှိသော ရန်မရှိသော ကြောင့်ကြ မရှိသော စိတ်ဖြင့် ပျံ့နှံ့စေ၍ နေ၏။

------

# အပ္ပမညာဝိဘင်္ဂ

## အပ္ပမညာလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အမေးပုစ္ဆာနည်းသက်သက်ကို ပြခြင်း

၇၀၀။ အပ္ပမညာလေးပါးတို့တွင်-ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန် သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

ကိလေသာနှင့်တကွဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ ကိလေသာနှင့်တကွ မဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

------

# အပ္ပမညာဝိဘင်္ဂ

## အပ္ပမညာလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကို ပြခြင်း

## ၁ - တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ ပြခြင်း

### (၁) ကုသလတိက်အဖြေဝိသဇ္ဇနာ

၇၀၁။ (အပ္ပမညာလေးပါးတို့သည်) ရံခါ ကုသိုလ် ဖြစ်ကုန်၏။ ရံခါ အဗျာကတ ဖြစ်ကုန်၏။

### (၂) ဝေဒနာတိက်

(အပ္ပမညာသုံးပါးတို့သည်) သုခဝေဒနာနှင့် ယှဉ်ကုန်၏။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်၏။

### (၃) ဝိပါကတိက်

(အပ္ပမညာလေးပါးတို့သည်) ရံခါ အချင်းချင်း ထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်၏။ ရံခါ အကျိုးကို ဖြစ်စေခြင်းသဘော ရှိကုန်၏။ ရံခါ အချင်းချင်း ထူးကုန်သော ကုသိုလ်အကုသိုလ်တို့၏ အကျိုးလည်း မဟုတ်၊ အကျိုးကို ဖြစ်စေခြင်း သဘောရှိသည်လည်း မဟုတ်ကုန်။

### (၄) ဥပါဒိန္နတိက်

(အပ္ပမညာလေးပါးတို့သည်) ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည် ဖြစ်၍၊ ဥပါဒါန်၏ အာရုံ ဖြစ်ကုန်၏၊ ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်သည် ဖြစ်၍ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။

## (၅) သံကိလိဋ္ဌတိက်

(အပ္ပမညာလေးပါးတို့သည်) ကိလေသာတို့ ပူပန်စေအပ်သည်ကား မဟုတ်၊ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏။

## (၆) ဝိတက္ကတိက်

အပ္ပမညာသုံးပါးတို့သည် ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိ။

## (၇) ပီတိတိက်

အပ္ပမညာသုံးပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။ (စတုတ္ထဈာန်၌ရှိသော အပ္ပမညာသုံးပါးတို့ကို) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။

## (၈) ဒဿနတိက်

(အပ္ပမညာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

## (၉) ဒဿနဟေတုတိက်

(အပ္ပမညာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

## (၁၀) အာစယဂါမိတိက်

(အပ္ပမညာလေးပါးတို့သည်) ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ စုတိပဋိသန္ဓေ သို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။

## (၁၁) သေက္ခတိက်

(အပ္ပမညာလေးပါးတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ လည်း မဟုတ်ကုန်။

## (၁၂) ပရိတ္တတိက်

(အပ္ပမညာလေးပါးတို့သည်) မဟဂ္ဂုတ် ဖြစ်ကုန်၏။

## (၁၃) ပရိတ္တာရမ္မဏတိက်

(အပ္ပမညာလေးပါးတို့ကို) ပရိတ္တ(ကာမ) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဟဂ္ဂုတ်ကို အာရုံ ပြုကုန်၏ဟူ၍ လည်းကောင်း၊ အပ္ပမာဏ (လောကုတ္တရာ) ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း မဆို အပ်ကုန်။

## (၁၄) ဟီနတိက်

(အပွမညာလေးပါးတို့သည်) အလတ် (မဇ္ဈိမ) ဖြစ်ကုန်၏။

## (၁၅) မိစ္ဆတ္တတိက်

(အပွမညာလေးပါးတို့သည်) အကျိုးပေး မမြဲကုန်။

## (၁၆) မဂ္ဂါရမ္မဏတိက်

အပွမညာလေးပါးတို့ကို မဂ်ကို အာရုံပြုကုန်ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အကြောင်း ရှိကုန်၏ ဟူ၍ လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏ဟူ၍ လည်းကောင်း မဆို အပ်ကုန်။

## (၁၇) ဥပ္ပန္နတိက်

(အပွမညာလေးပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ ရံခါ ပြီးပြီးသော အကြောင်းတစ်စိတ် ရှိသည်၏ အဖြစ်ကြောင့် မချွတ် ဖြစ်လတ္တံ့ ဖြစ်ကုန်၏။

## (၁၈) အတီတတိက်

(အပွမညာလေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏။ ရံခါ မရောက်သေး (ဖြစ်လတ္တံ့) 'အနာဂတ်' ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

## (၁၉) အတီတာရမ္မဏတိက်

(အပွမညာလေးပါးတို့ကို) ဖြစ်ပြီး 'အတိတ်' ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မရောက်သေး

(ဖြစ်လတ္တံ့) 'အနာဂတ်' ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း ဖြစ်ဆဲ 'ပစ္စုပ္ပန်' ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

## (၂၀) အဇ္ဈတ္တတိက်

(အပွမညာလေးပါးတို့သည်) ရံခါ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက်

(အပွမညာလေးပါးတို့သည်) အပ 'ဗဟိဒ္ဓ' သန္တာန်ကို အာရုံပြုကုန်၏။

## (၂၂) သနိဒဿနတိက်

(အပွမညာလေးပါးတို့သည်) မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

------

# အပ္ပမညာဝိဘင်္ဂ

## ၂ - ဒုက်၁၀၀- တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

## ဟေတုဂေါစ္ဆကအဖြေ

### (၁) ဟေတုဒုက်

၇၀၂။ မေတ္တာ (အဒေါသ) သည် ဟိတ်မည်၏၊ (ကြွင်း) အပ္ပမညာသုံးပါးတို့သည် ဟိတ် မမည်ကုန်။

### (၂) သဟေတုကဒုက်

(အပ္ပမညာလေးပါးတို့သည်) ဟိတ် ရှိကုန်၏။

### (၃) ဟေတုသမ္ပယုတ္တဒုက်

(အပ္ပမညာလေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

### (၄) ဟေတုသဟေတုကဒုက်

မေတ္တာ သည် ဟိတ်လည်းမည်၊ ဟိတ်လည်း ရှိ၏။ (ကြွင်း) အပ္ပမညာသုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်သာရှိ၍ ဟိတ် မမည်ကုန်။

### (၅) ဟေတုဟေတုသမ္ပယုတ္တဒုက်

မေတ္တာသည် ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်၏။ (ကြွင်း) အပ္ပမညာသုံးပါးတို့ကို ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့်သာ ယှဉ်၍ ဟိတ် မမည်ကုန်။

### (၆) နဟေတုသဟေတုကဒုက်

အပ္ပမညာသုံးပါးတို့သည် ဟိတ် မမည်မူ၍ ဟိတ်သာ ရှိကုန်၏။ မေတ္တာကို ဟိတ် မမည်မူ၍ ဟိတ်သာရှိ၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်။

# အပ္ပမညာဝိဘင်္ဂ

## စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက်**

(အပ္ပမညာလေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း ရှိကုန်၏။

**(၈) သင်္ခတဒုက်**

(အပ္ပမညာလေးပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

**(၉) သနိဒဿနဒုက်**

(အပ္ပမညာလေးပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(အပ္ပမညာလေးပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(အပ္ပမညာလေးပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

**(၁၂) လောကိယဒုက်**

(အပ္ပမညာလေးပါးတို့သည်) လောက၌ အကျုံးဝင် ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(အပ္ပမညာလေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏၊ တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘော မရှိကုန်။

# အပ္ပမညာဝိဘင်္ဂ

## အာသဝဂေါစ္ဆကအဖြေ

**(၁၄) အာသဝဒုက်**

(အပ္ပမညာလေးပါးတို့သည်) အာသဝ မမည်ကုန်။

**(၁၅) သာသဝဒုက်**

(အပ္ပမညာလေးပါးတို့သည်) အာသဝ၏ အာရုံ ဖြစ်ကုန်၏။

**(၁၆) အာသဝသမ္ပယုတ္တဒုက်**

(အပ္ပမညာလေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

**(၁၇) အာသဝသာသဝဒုက်**

(အပ္ပမညာလေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ (အပ္ပမညာလေးပါးတို့သည်) အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝ မမည်ကုန်။

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်**

(အပ္ပမညာလေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်**

(အပ္ပမညာလေးပါးတို့သည်) အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။

## သံယောဇနဂေါစ္ဆကအဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(အပ္ပမညာလေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

# အပွမည္သာဝိဘင်္ဂ

## ဂန္ထဂေါစ္ဆကအဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(အပ္ပမည္သာလေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

## ဩဃဂေါစ္ဆကအဖြေ

**(၃၂-၃၇) ဩဃဒုက်**

(အပ္ပမည္သာလေးပါးတို့သည်) ဩဃ မမည်ကုန်။ပ။

## ယောဂဂေါစ္ဆကအဖြေ

**(၃၈-၄၃) ယောဂဒုက်**

(အပ္ပမည္သာလေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

## နီဝရဏဂေါစ္ဆကအဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(အပ္ပမည္သာလေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

## ပရာမာသဂေါစ္ဆကအဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(အပ္ပမည္သာလေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

**မှတ်ချက်။** ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆကအတိုင်း ဖော်၍ ဟောရမည်။

# အပ္ပမညာဝိဘင်္ဂ

## မဟန္တရဒုက်အဖြေ

**(၅၅) သာရမ္မဏဒုက်**

(အပ္ပမညာလေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(အပ္ပမညာလေးပါးတို့သည်) စေတသိက် မည်ကုန်၏။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့် နှီးနှောကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ်ကြောင့် ကုန်၏။

**(၆၁) စိတ္တသဟဘူဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့်လည်းနှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်**

(အပ္ပမညာလေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

စိတ်နှင့်လည်းနှီးနှော၊ စိတ်ကြောင့်လည်းဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဇ္ဈတ္တိကဒုက်**

(အပ္ပမညာလေးပါးတို့သည်) အပဉ် ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(အပ္ပမညာလေးပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(အပ္ပမညာလေးပါးတို့သည်) အချို့ တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်ကုန်၏၊ အချို့ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆကအဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(အပ္ပမညာလေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

## ကိလေသဂေါစ္ဆကအဖြေ

**(၇၅-၈၂) ကိလေသဒုက်**

ကိလေသာ မမည်ကုန်။ပ။

**မှတ်ချက်။** ။ ဥပါဒါနဂေါစ္ဆကနှင့် ကိလေသဂေါစ္ဆကကိုလည်း အာသဝဂေါစ္ဆကကဲ့သို့ ပေယျာလဖော်၍ ဟောရမည်။

# အပ္ပမညာဝိဘင်္ဂ

## ပိဋ္ဌိဒုက်အဖြေ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(အပ္ပမညာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(အပ္ပမညာလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(အပ္ပမညာလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(အပ္ပမညာလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၇) သဝိတက္ကဒုက်**

အပ္ပမညာသုံးပါးတို့သည် ရံခါ ဝိတက် ရှိကုန်၏။ ရံခါ ဝိတက် မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဝိတက် မရှိ။

**(၈၈) သဝိစာရဒုက်**

အပ္ပမညာသုံးပါးတို့သည် ရံခါ ဝိစာရ ရှိကုန်၏။ ရံခါ ဝိစာရ မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဝိစာရ မရှိ။

**(၈၉) သပ္ပီတိကဒုက်**

အပ္ပမညာသုံးပါးတို့သည် ရံခါ ပီတိ ရှိကုန်၏။ ရံခါ ပီတိ မရှိကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ပီတိ မရှိ။

**(၉၀) ပီတိသဟဂတဒုက်**

အပ္ပမညာသုံးပါးတို့သည် ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ပီတိနှင့်တကွ မဖြစ်ကုန်။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ပီတိနှင့်တကွ မဖြစ်။

**(၉၁) သုခသဟဂတဒုက်**

အပ္ပမညာသုံးပါးတို့သည် သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် သုခဝေဒနာနှင့်တကွ မဖြစ်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

လျစ်လျူရှုခြင်း 'ဥပေက္ခာ' သည် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်၏။ (ကြွင်း) အပ္ပမညာသုံးပါးတို့သည် ဥပေက္ခာဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

(အပ္ပမညာလေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

**(၉၄) ရူပါဝစရဒုက်**

(အပ္ပမညာလေးပါးတို့သည်) ရူပါဝစရ မည်ကုန်၏။

**(၉၅) အရူပါဝစရဒုက်**

(အပ္ပမညာလေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

**(၉၆) ပရိယာပန္နဒုက်**

(အပ္ပမညာလေးပါးတို့သည်) ဝဋ္ဋတရား၌ အကျုံးဝင်ကုန်၏။

**(၉၇) နိယျာနိကဒုက်**

(အပ္ပမညာလေးပါးတို့သည်) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။

**(၉၈) နိယတဒုက်**

(အပ္ပမညာလေးပါးတို့သည်) အကျိုးပေး မမြဲကုန်။

**(၉၉) သဥတ္တရဒုက်**

(အပ္ပမညာလေးပါးတို့သည်) မိမိထက် လွန်မြတ်သော တရား ရှိကုန်၏။

**(၁၀၀) သရဏဒုက်**

(အပ္ပမညာလေးပါးတို့သည်) ငိုကြွေးကြောင်း ရာဂစသော ကိလေသာ မရှိကုန်။

**အပ္ပမညာလေးပါးတို့ကို တိက် ဒုက်တို့ဖြင့် အမေးအဖြေပြုလုပ်ပြသော ပဥှာပုစ္ဆကနည်း ပြီး၏။**

## အပ္ပမညာလေးပါးတို့ကို ဝေဖန်၍ ပြသော

## အပ္ပမညာဝိဘင်း ပြီးပြီ။

------